# တၢ်တီတၢ်တြၢ်

Just | တရားမျှတမှု

## ဥပဒေသတင်းစာစောင်

အမှတ်စဉ် (၁) ဇွန်လ၊၂၀၂၂



■ လူထုအသံ

လတ်တလော လူထုမှတွေ့ကြုံနေရသော တရားရေးဆိုင်ရာ စိန်ခေါ်မှုများ

■ ဆောင်းပါးကဏ္ဍ

ပန်းတိုင် ရောက်ဖို့ ရှေ့ဆက်ရမည့် ခြေလှမ်းများ

■ သိမှတ်ဖွယ်ရာများ

ကော်သူးလေမှ ပြဌာန်းထားရှိသော ဥပဒေများ

ကော်သူးလေ တရားစီရင်ရေးစနစ် အဆင့်ဆင့်ပြမြေပုံ

လက်မှတ်ထိုးထားသည့် ကတိကဝတ်များ

■ ရှုမြင်သုံးသပ်ချက်များ

တရားရေး ဝန်ဆောင်မှုပေးသူ၏ ဆွေးနွေးချက်များ

■ လုပ်ဆောင်ချက်များ

■ လှုပ်ရှားမှု ရုပ်ပုံများ


## လတ်တလော လူထုမှတွေ့ကြုံနေရသော တရားရေးဆိုင်ရာ စိန်ခေါ်မှုများ



လက်ရှိဖြစ်ပွားနေသော နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် စီမံချက်လုပ်ဆောင်သည့် ဒေသများတွင်သာမက နေရာအနှံ့အပြားတွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိပြီး ပြည်သူများမှာ နေ့စဥ်နှင့်အမျှ စားဝတ်နေရေး၊ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် တရားရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေးအတွက် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ယခုကဲ့သို့ ပဋိပက္ခဖြစ်ပွားနေသည့် အချိန်များတွင် တရားရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် တရားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ပဋိပက္ခဖြစ်ပွားသည့် အခြေအနေသည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားသည့် အနေထားကြောင့် လူထုအားလုံးဆီသို့ လက်လှမ်းမီ ဝန်ဆောင်မှုပေးရန်မှာလည်း အခက်အခဲများရှိနေပါသည်။

ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (Karen Legal Assistance Center – KLAC) နှင့် အတူတကွ လက်တွဲလုပ်ဆောင်နေသော လူထုဥပဒေအထောက်အကူပြုအဖွဲ့ (Community Legal Volunteer - CLV) များသည် ပြည်သူများ၏ တရားရေးဆိုင်ရာ အခက်အခဲများအတွက် အနီးကပ်ကူညီဆောင်ရွက်ပေးနေကြသူများ ဖြစ်သည့်အတွက် CLV များမှတစ်ဆင့် ပြည်သူ၏အသံများကို အောက်ပါအတိုင်း အကျဉ်းချုံးဖော်ပြလိုက်ပါသည်။

## ဒူးပလာယာခရိုင်

လက်ရှိအချိန်တွင် ဒေသတွင်း ပဋိပက္ခအခြေနေများတိုးမြင့်လာခြင်းကြောင့် နေရာအနှံ့အပြားတွင် တိုက်ပွဲများ ဖြစ်ပွားနေပြီး ပြည်သူများ၏ သွားလာရေးတွင် စိန်ခေါ်မှုများရှိနေပါသည်။ တိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှ ပြည်သူများအနေဖြင့်လည်း မိမိကျေးရွာများကို စွန့်ခွာပြီး အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်နေရပါသည်။ ထိုကဲ့သို့ ပဋိပက္ခ အန္တရာယ်အမျိုးမျိုးမှ ရှောင်ရှားရေးကို ပိုမိုဂရုစိုက်နေရသည့်အတွက် ပြည်သူများအနေဖြင့် အမှုအခင်းများနှင့် ကြုံတွေ့နေရသော်လည်း တိုင်ကြားရန် ကိစ္စကို ဂရုမစိုက်နိုင်ပေ။ တိုက်ပွဲများ မကြာခဏဖြစ်ပွားနေသည့် ရပ်ရွာမှ ဒေသခံပြည်သူများအနေဖြင့် အမှုများကို မတိုင်ကြားနိုင်သည့်အပြင် တချို့အမှုမှာ မည်သူမှု မသိလိုက်ရသည့် အခြေအနေမျိုးများလည်း ရှိနေပါသည်။ ထို့ပြင် အမှုကျူးလွန်ထားကြသည့် တရားခံများအတွက် ပဋိပက္ခ ဖြစ်ပွားနေခြင်းသည် ၎င်းတို့အတွက် လွယ်ကူစွာအမှုထပ်မံကျူးလွန်ရန် အခွင့်အရေးရသကဲ့သို့ဖြစ်နေပြီး ထွက်ပြေးရန်လည်း လွယ်ကူသည့် အခြေအနေမျိုး ဖြစ်နေပါသည်။ ပြည်သူအချို့မှာ ကျေးရွာလူကြီးထံ တိုင်ကြားရမည်ကို သိသော်လည်း အများစုမှာ ဥပဒေကို သေချာစွာနားမလည်သည်ကတစ်ကြောင်း၊ ရောယှက်အုပ်ချုပ်သည့်နေရာများတွင် အမှုသွားတိုင်လျှင် အနှောင့်အယှက်ခံရမည်ကို စိုးရိမ်သည့်အတွက် အမှုကိုမတိုင်ကြားကြခြင်းဖြစ်ပါသည်။ တရားရေးတာဝန်ရှိသူများအနေဖြင့် အမှုဖြစ်လာပါက တရားရုံးသို့ အမှုသည် မရောက်လာနိုင်လျှင် ဒေသတွင်ရှိသော တာဝန်ရှိသူများမှတဆင့် ကူညီဖြေရှင်းပေးပါသည်။ သို့သော် လက်ရှိဒေသအခြေအနေ မတည်ငြိမ်မှုများကြောင့် အမှုများကိုင်တွယ်ရသည်မှာ အခက်အခဲများရှိနေပါသည်။ နောက်ထပ်စိန်ခေါ်ချက်တစ်ခုမှာ ပြည်သူလူထုအနေဖြင့် ဥပဒေကို သေချာနားမလည်သည့်အတွက် လူထုမှ အမှုများကြုံတွေ့နေရသော်လည်း မတိုင်ကြားကြခြင်း ဖြစ်ပါသည်။

## ဒူးသထူခရိုင်


လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကြောင့် ဒေသတွင်း ပြည်သူများအနေဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားလာရန် ခက်ခဲနေပါသည်။ ထို့ပြင် ဖုန်းလိုင်းများ မကြာခဏ ပြတ်တောက်ခြင်းနှင့် အင်တာနက်လိုင်းများ ပြတ်တောက်ခြင်းတို့ကြောင့် တစ်နေရာနှင့် တစ်နေရာ ဆက်သွယ်ရန် အခက်အခဲများလည်း ကြုံတွေ့နေရပါသည်။ စစ်ပွဲများကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလာသည့်အတွက် တရားရေးကိစ္စများသာမကဘဲ ပြည်သူများ၏ ကျန်းမာရေး၊ စားဝတ်နေရေးအစရှိသည့် နေ့စဥ်လိုအပ်ချက်များ လက်လှမ်းမီရေးအတွက် အခက်အခဲများ ကြုံတွေ့နေကြရသည်။ တရားရေးကဏ္ဍတွင်လည်း ပြစ်မှုကျူးလွန်သူကိုယ်တိုင်ကပင် သူတို့လုပ်ဆောင်လိုက်သည့် ကိစ္စရပ်သည် ဥပဒေနှင့်ငြိစွန်းနေမှန်းကိုပင် မသိကြပါ။ ထိုကဲ့သို့ ကျူးလွန်ခြင်းမှာ ကော်သူးလေဥပဒေကို နားမလည်ကြသည့်အတွက်ဖြစ်ပါသည်။ ကျေးရွာတာဝန်ရှိသူများအနေဖြင့် အမှုဖြစ်လျှင် မည်ကဲ့သို့ အဆင့်ဆင့်တိုင်ကြားရမည်ကို အတတ်နိုင်ဆုံး ရှင်းလင်း ပြောပြကြပါသည်။ သို့သော် လူထုအနေဖြင့် ဥပဒေနှင့် မရင်းနှီးကြသည့်အတွက် အစဥ်အမြဲ အသိပညာပေးနေရန်လိုအပ်ပါသည်။

## ဖားအံခရိုင်

ဖားအံခရိုင်တွင် လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် လူထုသည် တရားရေးဆိုင်ရာ အသိပညာပေးသူများမှ လာရောက်ပြီး အသိပညာပေးမှုများကို မရရှိနိုင်ကြပေ။ ထို့ကြောင့် အမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက မိမိတို့ လက်လှမ်းမီရာ တတ်သိသလောက်ဖြင့် သွားရောက်ဖြေရှင်းကြသည်။ ဥပမာ - အမှုတစ်ခုခုဖြစ်လာလျှင် ကေအဲန်ယူ၏ တရားစီရင်ရေးစနစ်အဆင့်ဆင့်ကိုမသိသောကြောင့် မိမိတို့ လက်လှမ်းမီသော ကေအဲန်ယူဌာနတစ်ခုခုကို သွားရောက်တိုင်ကြားကြသည်။ တစ်ခါတစ်ရံတွင် ကေအဲန်ယူ၏တရားစီရင်ရေးစနစ်ကို သေချာနားလည်မှုမရှိသော ဌာနဝန်ထမ်းများနှင့်ကြုံရသောအခါ မိမိတို့အတွက် အမှန်တကယ်သွားရောက် တိုင်ကြားရမည့်လမ်းကြောင်းကို မသိရသည့်အပြင် အယူခံဝင်နိုင်သည့်အမှုအပါအဝင် အခြားသောအမှုများကို ဆက်လက်တိုင်ကြားရန် လက်လျှော့လိုက်ရသည့်၊ နစ်နာခဲ့ရသည့် အကြိမ်များလည်းရှိသည်။ ထို့ကြောင့် ဖားအံဒေသအတွင်းရှိ လူထုအများစုသည် တရားရေးအဆင့်ဆင့်ဆိုင်ရာဗဟုသုတ၊ တိုင်ကြားနိုင်သည့် ယန္တရားများကို သိရှိရန်လိုအပ်နေသေးကြောင်းတွေ့ရသည်။ ထို့အပြင် ရောယှက်အုပ်ချုပ်ရာဒေသဖြစ်သဖြင့် လူထုမှလည်း မည်သည့် အာဏာပိုင် ထံသို့သွားရောက်ရမည်ကို ရွေးချယ်ရာတွင် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများလည်း ကြုံတွေ့နေရသည်။

တရားရေးပံ့ပိုးမှုပြုနေသောအဖွဲ့များနှင့် တရားရေးဆိုင်ရာအသိပညာပေးနေသော စေတနာ့ဝန်ထမ်းများက လူထု၏ လိုအပ်ချက်များကို ပုံမှန်လေ့လာနေပြီး လက်ရှိပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် ဥပဒေဆိုင်ရာ အသိပညာပေးနိုင်ရန် ကြိုးပမ်းနေလျက်ရှိသည်။

# ပန်းတိုင် ရောက်ဖို့ ရှေ့ဆက်နေရမယ့် စိန်ခေါ်မှုများ



ကျွန်ုပ်တို့သည် Covid - 19 ကပ်ရောဂါနှင့် အာဏာသိမ်းမှု စသည့် အကြပ်အတည်းနှစ်ရပ်အကြား ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းနေရပါသည်။ ကေအဲန်ယူသည် နှစ်ပေါင်း (၇၀) ကျော်ကြာ တော်လှန်ရေးကာလအတွင်း မိမိတို့ဒေသအတွင်းရှိ ပြည်သူများ၏ လုံခြုံရေး၊ တရားရေးနှင့် လူမှုရေး အစရှိသည့် ကဏ္ဍအသီးသီးအား ဖွံ့ဖြိုးတိုးတက်စေရန် အကန့်အသတ်များစွာရှိသည့်ကြားမှ ပံ့ပိုးနေနိုင်ခဲ့ရာ ဖော်ပြပါအကြပ်အတည်းများသည်လည်း မိမိတို့၏မူလ လုပ်ငန်းစဉ်များအား လုံးလုံးလျားလျား ဟန့်တားနိုင်ခြင်း မရှိခဲ့သည်ကို တွေ့မြင်နေရပါသည်။ သို့သော်လည်း တစ်ဖက်တွင် ဒေသအခြေအနေနှင့် အခက်အခဲများသည် မိမိတို့၏ ဖော်ပြပါလုပ်ငန်းများအပေါ် အနည်းနှင့်အများ သက်ရောက်မှုရှိနေပေရာ ဤဆောင်းပါးငယ်တွင် ၎င်းအခြေအနေများအား အနည်းငယ် သုံးသပ်ဆွေးနွေးရေးသားထားပါသည်။

ပြည်သူလူထုထံဥပဒေအသိပညာရောက်ရှိမှုအားနည်းခြင်းနှင့် ဒေသခံခေါင်းဆောင်များ၏ အကန့်အသတ်ဖြစ်နေသောအရင်းအမြစ်များကြောင့် တရားရေးမျှတမှု လက်လှမ်းမီရရှိရေး အဟန့်အတားအချို့ကို အနည်းငယ် မီးမောင်းထိုးဖော်ပြလိုပါသည်။ လက်ရှိ ကေအဲန်ယူ၏ တရားစီရင်ရေးစနစ်တွင် ကျေးရွာတရားသူကြီးများ၏ တရားစီရင်ပိုင်ခွင့်အာဏာအား ကော်သူးလေရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ-၁၂ အရ အပ်နှင်းထားသည်။ ထိုသို့အပ်နှင်းထားသည့် အာဏာမှာလည်း ရာဇဝတ်မှုတွင် (၃)လ အထိထောင်ဒဏ်နှင့် ကျပ်ငါးသောင်း (၅၀,၀၀၀) ထိငွေဒဏ်ဖြစ်ပြီး တရားမမှုတွင် တန်ဖိုးငွေကျပ် ဆယ်သိန်း (၁,၀၀၀,၀၀၀) ထိဖြစ်သည်။ သို့ရာတွင် အချို့သော ကျေးရွာများတွင် မုဒိမ်းမှုကဲ့သို့သော ခရိုင်အဆင့်တွင်သာ စီရင်ရမည့် အမှုကိုပင် ကျေးရွာအဆင့်တရားသူကြီးများမှ ၎င်းတို့၏သဘောဖြင့် ကိုင်တွယ်ဖြေရှင်းနေသည်ကို ဝမ်းနည်းစွာတွေ့မြင်ရပါသည်။ အဆိုပါဖြေရှင်းခြင်းမျိုးမှာလည်း ပြစ်မှုကျူးလွန်သူအား အပြစ်ပေးခြင်း မျိုးမဟုတ်ဘဲ စေ့စပ်ညှိနှိုင်းဖြန်ဖြေပြီး လျော်ကြေးပေးစေသည့် ပုံစံဖြင့်လုပ်ဆောင်လျက်ရှိနေသည်။ နစ်နာသူဘက်မှ တရားမျှတမှု ဟူသောစကားရပ်အား ငွေကြေးဖြင့်သာ ကျေနပ်ရသည့် သဘောဆောင်လျက်ရှိနေသည်။ ယခုအဖြစ်အပျက်များအားဆန်းစစ်သုံးသပ်ကြည့်ရာအဓိကအားဖြင့်ဒေသခံခေါင်းဆောင်များ၏ တရားဥပဒေအပေါ်နားလည်မှု အားနည်းခြင်းကြောင့် ဖြစ်ပေါ်သလို၊ အချို့မှာ ကျူးလွန်ခံရသူ မိသားစုဘက်မှ အရှက်အကြိမ်ကြိမ်ရနိုင်တယ်ဆိုပြီး ၎င်းတို့ ကိုယ်တိုင် စေ့စပ်ညှိနှိုင်းပေးရန် တောင်းဆိုခြင်းကြောင့် ဖြစ်ပေါ်လာသည့်ရလဒ်ဖြစ်နေပါသည်။ ထို့အပြင်ဒေသအတွင်း ဖြစ်ပေါ်နေသော သွားလာရေး အခက်အခဲများ အစရှိသည်တို့ကြောင့် လူ့အသိုင်းအဝိုင်းတွင် အင်မတန် စက်ဆုပ်စရာကောင်းသည့် မုဒိန်းမှုကဲ့သို့သော ရာဇတ်မှုအကြီးများကို ကျူးလွန်သည့် တရားခံများသည် အခွင့်အရေးရလျက်ရှိနေသည်။ တရားဥပဒေသည်လည်း ငွေကြေးနှင့် သတ်မှတ်ယူနိုင်သည်ဆိုသည့် နားလည်မှုအမှားများ ဒေသတွင်းပျံ့နှံ့နေခဲ့ရပါသည်။ ဤသည်မှာ အလွန်ပင် စိုးရိမ်ဖွယ်ကောင်းသည့် ကျင့်ထုံးကိုကျော်လွန် လုပ်ဆောင်ခြင်း ဖြစ်သလို ပြည်သူများ၏ တရားမျှတမှုအပေါ် နားလည်မှု အားနည်းခြင်း တို့ကြောင့် ဖြစ် ပါသည်။

ထို့ကြောင့် ပထမဦးစွာ လူထုအတွင်း ဥပဒေအသိပညာပေးခြင်းကို လုပ်ငန်းစဉ်တစ်ခုအနေဖြင့်သတ်မှတ်ပြီး အစီအစဉ်တကျ လုပ်ဆောင်နိုင်ရန် ခေါင်းဆောင်များ၏ ဦးဆောင်မှုကောင်းကောင်း လိုအပ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် တရားမျှတမှုလက်လှမ်းမီရေးနှင့် ပြည်သူတို့၏ အကျိုးစီးပွားဆက်စပ်မှုအပိုင်းသည် သတိပြုရန်လိုအပ်သော အရာဖြစ်သောကြောင့်ဖြစ်သည်။ ကျေးရွာလူထုများသည် ၎င်းတို့၏နေ့တဓူဝလုပ်ငန်းဆောင်တာများဖြင့် လုံးပန်းနေရပြီး ဥပဒေပိုင်းဆိုင်ရာအသိပညာ အားနည်းလျက်ရှိသည်။ ၎င်းတို့အဆင်ပြေနိုင်မည့်အချိန်ကို ရွေးချယ်၍ အသိပညာပေးနိုင်ရန်လိုအပ်သည်။ သို့မှသာ ပြည်သူများက ဥပဒေအားနားလည်သိရှိထားကာ မတရားမှုကြုံရပါက ဒိုင်းသဖွယ်အသုံးပြုနိုင်မည်ဖြစ်ပြီး ထိုသို့မဟုတ်က မသမာသူများက ဥပဒေအား လက်ကိုင်တုတ်သဖွယ် အသုံးချပြီးပြည်သူများရာဖွေနေသောတရားမျှတမှုအားခြိမ်းခြောက်နေမည်ဖြစ်သည်။

ထိုသို့သော ပြည်သူလူထုအား ဥပဒေအသိပညာပေးခြင်း လုပ်ငန်းအပြင် မိမိတို့ ကေအဲန်ယူ၏ အလွှာအသီးသီးရှိ ခေါင်းဆောင်များကိုယ်တိုင် ဥပဒေကို သိရှိနားလည်ရန်နှင့် ကျင့်ထုံးများအားလည်း ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးနိုင်ရေးကိုလည်း တပြေးညီ စနစ်ကျစွာ လုပ်ဆောင်နိုင်ရန် အလွန်အရေးကြီးလှပါသည်။ စက္ကန့်နှင့်အမျှ ပြောင်းလဲနေသော ဒေသအခြေအနေများအကြား အလွှာအသီးသီးရှိ ခေါင်းဆောင်များမှ ပြည်သူတို့၏ လိုအပ်ချက်နှင့် ကိုက်ညီပြီး ဥပဒေနှင့်ညီသော တရားမျှတရေးဝန်ဆောင်မှုများ ထိရောက်စွာပံ့ပိုးနိုင်ရေးအတွက် ခေါင်းဆောင်အဆင့်ဆင့်၏ ဥပဒေဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေးများအား စဉ်ဆက်မပြတ် ဆောင်ရွက်သင့်ပေသည်။ တပြိုင်တည်းတွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လစ်ဟင်းမှု မရှိစေရန်နှင့် အချိန်နှင့်အမျှပြောင်းလဲနေသော ဒေသ၏ လိုအပ်ချက်နှင့်ကိုက်ညီသော ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်ရေး ပုံမှန်တွေ့ဆုံဆွေးနွေးမှုပြုနိုင်သည့် အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သင့်သည်။ သို့မှသာ ပြည်သူများအနေဖြင့် ခက်ခဲပြီးအကန့်အသတ်များစွာရှိ သော်လည်း တရားမျှတမှုကို လက်လှမ်းမီရရှိနိုင်ကာ တရားမျှတမှု၏ တန်ဖိုးကို အမှန်တကယ်ခံစားနိုင်ကြမည်ဖြစ်သည်။ ယခုကဲ့သို့သော ကန့်သတ်မှုများစွာရှိနေသည့် အခြေအနေမျိုးတွင် မိမိတို့မျှော်မှန်းချက်များအား ပြည့်မီစေရန်မှာ မလွယ်ကူနေသည်မှာ အသေအချာပင်ဖြစ်သည်။ သို့သော်လည်း အပတ်တကုတ်ကြိုးစားနေခြင်းကလည်း ရပ်တန့်မနေသော ကြိုးပမ်းမှုဟူ၍ အားခဲထားရမည်ဖြစ်သည်။


နောက်ဆုံးအနေဖြင့်လက်ရှိအကြပ်အတည်းနှင့် ပဋိပက္ခကာလအတွင်းတွင်ဌာနအသီးသီးတွင်ရှိသောကေအဲန်ယူ ခေါင်းဆောင်များအနေဖြင့် မည်သည့်လုပ်ငန်းများကိုဖြင့်ဦးစားပေး၍လုပ်ဆောင်ရမည်ကိုကောင်းစွာသိရှိရန်လိုသည်။ ၎င်းဦးစားပေးမှုတို့တွင် တရားမျှတမှုကို ပြည်သူများ လက်လှမ်းမီရရှိမှု သေချာစေရေးသည်လည်း အပါအဝင်ဖြစ်ပါသည်။ တကယ်တမ်းတွင် ယခုကဲ့သို့သော တရားမျှတမှု လက်လှမ်းမီရရှိရေး သေချာစေရန် ဦးစားပေးမှုသည် နေရာသို့မဟုတ် ဌာနတစ်ခုတည်းအတွက်သာ မဟုတ်ပဲ အထူးသဖြင့် ကေအဲန်ယူအုပ်ချုပ်စီမံရာ ဒေသများအားလုံးတွင် တစ်ညီတစ်ညွတ်တည်း ဖြစ်သင့်ရာ သက်ဆိုင်ရာ အလွှာ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ၏ နားလည်လက်ခံမှုနှင့် ပူးပေါင်းပါဝင်မှုမှာ အရေးကြီးလှသည်။ ပဋိပက္ခကာလများအတွင်း အခက်အခဲ၊ အကြပ်အတည်းနှင့် အကန့်အသတ်များစွာ ရှိနေမှုကို အသုံးချလိုသော ကိုယ့်တစ်ဘို့တည်းကြည့်တတ်သည့် သူများကြောင့်လည်း ဒေသအတွင်း မတရားမှု၊ အနိုင်ကျင့်မှုနှင့် ဥပဒေ လက်တစ်လုံးခြားလုပ်မှုများ ရှိနေရာ ၎င်းတို့အား ကာကွယ်နိုင်ရေးနှင့် လျှော့ချနိုင်ရေးသည် ပြည်သူများ ထမ်းပိုးထားရသော အခက်အခဲအကြပ်အတည်းများအား ဝန်ပေါ့စေရေး အတွက် အလွန်အရေးပါလှကြောင်း ရှိပါသည်။

တရားမျှတရေးစနစ်အားကောင်းခြင်းမှာ နိုင်ငံတနိုင်ငံသို့မဟုတ် အဖွဲ့အစည်းတခု၏ ဂုဏ်အင်္ဂါရပ်များအနက်တခုပင် ဖြစ်သည်။ ထို့ကြောင့် ဘက်မလိုက်သည့် တရားမျှတမှုရှိသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်စေရန် ခေါင်းဆောင်များနှင့် ပြည်သူလူထုနှစ်ရပ်လုံး ပူးပေါင်းလုပ်ဆောင်ရန် အရေးကြီးလှပါသည်။ "မိုင်ထောင်ချီဝေးသည့်ခရီးကို ပထမခြေတလှမ်းဖြင့် စရသည်"ဟူ၍ တရုတ်နိုင်ငံမှ ကဝိတစ်ဦးဖြစ်သူ လောင်ဇူး ကမိန့်ဆိုထားသည်။ ကျွန်ုပ်တို့ မျှော်လင့်တောင့်တသည့် လွတ်လပ်ပြီးတရားမျှတသော ကော်သူးလေဆီသို့ လျှောက်လှမ်းရန်အတွက် ခြေလှမ်းများစွာ လှမ်းခဲ့ပြီးဖြစ်ရာရှေ့ဆက်ခြေလှမ်းများအတွက် တွန့်ဆုတ်မနေဘဲ မိမိတို့လုပ်ဆောင်နိုင်သည့်နေရာ၊ လုပ်ဆောင်နိုင်သည့်အလုပ်က ပါဝင်ကြရန် ကျွန်တော်တို့ ပြည်သူ၊ ခေါင်းဆောင်နှင့် လူမှုအဖွဲ့အစည်းများအားလုံးကို တိုက်တွန်းအားပေးလိုက်ရပါသည်။


**စော်ကဲ**

## သိမှတ်ဖွယ်ရာများ


### ကော်သူးလေမှ ပြဋ္ဌာန်းထားရှိသော ဥပဒေများ




ကော်သူးလေရာဇဝတ်ဥပဒေ
(၁၉၄၉ - ဇွန် - ၁၄)





ကော်သူးလေရာဇဝတ်ကျင့်ထုံးဥပဒေ
(၁၉၅၀ - ဇွန် - ၁၅)





ကော်သူးလေတရားမမှုခင်းဆိုင်ရာ
လုပ်ထုံးလုပ်နည်းဥပဒေ
(၁၉၇၄ - မတ် - ၄)


## ကော်သူးလေအထူးအက်ဥပဒေများ




မူးယစ်ဆေးဝါးတိုက်ဖျက်ရေး
အထူးအက်ဥပဒေ
(၂၀၁၄ - ဇူလိုင် - ၈)



ပြစ်မှုဆိုင်ရာ
အထူးအက်ဥပဒေ
(၁၉၇၆ - ဇန်နဝါရီ - ၂၁)




ကော်သူးလေအစိုးရ
သစ်တောအက်ဥပဒေ
(၁၉၇၄ ခုနှစ်)





ကော်သူးလေ သတ္တုတွင်းဥပဒေနှင့်
စည်းမျဉ်းစည်းကမ်း
(၁၉၅၇ ခုနှစ်)

## ကော်သူးလေ တရားစီရင်ရေးစနစ်အဆင့်ဆင့်ပြမြေပုံ



## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှလက်မှတ်ထိုးထားသည့် ကတိကဝတ်ပြုချက်များ




အငြင်းပွားမှုနှင့် အကြမ်းဖက်ပဋိပက္ခများသည် ကြီးမားသော ပြောင်းလဲမှုကိုဖြစ်စေနိုင်သော်လည်း ၎င်းတို့၏ သက်ရောက်မှုကိုခံရသည့် အကာအကွယ်မဲ့ ပြည်သူများအတွက် ထည့်သွင်းစဉ်းစား ကာကွယ်မှုပြုခြင်းကိုလည်း လက်နက်ကိုင်အဖွဲ့အစည်းများ/လက်နက်ကိုင်တပ်ဖွဲ့များ၏ တာဝန်တစ်ရပ်အဖြစ်လက်ခံကာ လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည်။ စစ်ပွဲများအတွင်း မလိုလားအပ်သော အကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်ရန်နှင့် လိုက်နာရန် နိုင်ငံတကာမှ စံချိန်စံညွှန်းများကိုရေးဆွဲပြီး နိုင်ငံတစ်ခုချင်းစီက သဘောတူလက်မှတ်ရေးထိုးထားကြသည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် တိုက်ပွဲဝင်နေသော နိုင်ငံတော်အဆင့်မဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း (Armed non-state actor – ANSA) ဖြစ်ပြီး နိုင်ငံတကာ၏ အမြင်တွင်လည်း အကြမ်းမဖက်သော အဖွဲ့အစည်းအဖြစ် ယုံကြည်မှုရရှိရန် လိုက်နာကျင့်သုံးရမည့် စစ်စည်းကမ်းဥပဒေများကို လိုက်နာရန်ကြိုးစားလုပ်ဆောင်နေသည်။ ၂၀၀၆ ခုနှစ်မှစ၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတို့ကို လေးစားလိုက်နာရန်တွန်းအားပေးနေသော Geneva Call နှင့်ဆက်သွယ်ဆက်ဆံမှုရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ကေအဲန်ယူ - ကရင်အမျိုးအသားအစည်းအရုံးသည် Geneva Call ၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ပြည်သူလူထုကို အကာအကွယ်ပေးရန် ကတိကဝတ် (၅) ခုထဲမှ လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုများမှ ကလေးသူငယ်များအား အကာအကွယ်ပေးရေးနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကာကွယ်တားဆီးရန်နှင့် ဂျဲန်ဒါအရ ခွဲခြားဆက်ဆံမှုမပြုရေး ကတိကဝတ် (၂) ချက်ကို လက်မှတ်ရေးထိုးခဲ့သည်[1]။

အထက်ပါ ဝန်ခံကတိပြုမှုများအရ ကလေးသူငယ် ကာကွယ်ရေး သဘောတူညီချက်တွင် ကလေးများလိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ အစားအသောက်ဆိုင်ရာ လိုအပ်မှုများကို ဖြည့်ဆည်းပေးရန်သာမက၊ ကလေးများအတွက် လူသားချင်းစာနာသော ပံ့ပိုးမှုလမ်းကြောင်းကို ဟန့်တားခြင်း၊ ကလေးစစ်သားအဖြစ် ခိုင်းစေခြင်းနှင့် ၎င်းတို့၏ အခွင့်အရေးများအား တားဆီးပိတ်ပင်ခြင်းများကို လုံးဝမကျူးလွန်မိရန် တားမြစ်ထားသည်။ တဖန် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကာကွယ်တားဆီးရန်နှင့် ဂျဲန်ဒါအရ ခွဲခြားဆက်ဆံမှုမပြုရေး သဘောတူညီချက်တွင် အမျိုးသမီးများအားသိမ်ငယ်အရှက်ရစေခြင်း၊ ဂုဏ်သိက္ခာနှင့်အညီဆက်ဆံမှုမပြုခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ ပြည့်တန်ဆာအဖြစ်အသုံးပြုခြင်း စသည်တို့ကို မပြုလုပ်ရန် ဝန်ခံကတိပြုထားပြီးဖြစ်သည်။

1 https://www.genevacall.org/knuknla-commits-protection-children-prohibition-conflict-related-sexual-gender-based-violence/#:~:text=KNU2%FKNLA20%has20%signed20%Geneva,the20%Effects20%of20%Armed20%Conflict.




# ကေအဲန်ယူစီမံအုပ်ချုပ်နယ်မြေ၊ ဖားအံခရိုင်ရဲမှူး ဒုဗိုလ်မှူးကြီး စောမောင်ကြည်နှင့် တွေ့ဆုံမေးမြန်းခြင်း အပိုင်း (၁)

*ဒုဗိုလ်မှူးကြီး စောမောင်ကြည်သည် တရားရေးပံ့ပိုးမှုအပိုင်းတွင် ရာထူးမြင့်အရာရှိတစ်ဦးဖြစ်သည့်အလျောက် ၎င်း၏ တရားဥပဒေဆိုင်ရာ ရှုမြင်သုံးသပ်ချက်များကို ပွင့်လင်းစွာပြောဆိုထားပါသည်။*

*ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF)သည် ၁၉၉၁ စက်တင်ဘာ ၉ရက် တွင်စတည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကေအဲန်ယူဒေသအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်နေသော တပ်ဖွဲ့တစ်ခုဖြစ်သည်။ တရားမျှတမှု လက်လှမ်းမီရရှိရေးတွင် အဓိကကျသော အစိတ်အပိုင်းမှ ပါဝင်လျက်ရှိပြီး အရပ်သားခေါင်းဆောင်ဦးဆောင်သည့် ကေအဲန်ယူ ပြည်ထဲရေးဌာနလက်အောက်တွင်ရှိပါသည်။*

*မေး ။ ။ လက်ရှိတာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်း တာဝန်အားရှင်းပြပေးပါ။*

ဖြေ ။ ။ ၂၀၁၇ခုနှစ်ကစပြီး ခရိုင်ရဲမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး လက်ရှိအချိန်ထိဆိုရင် တာဝန်ထမ်းဆောင်တာ (၅) နှစ်ရှိပါပြီ။

*မေး ။ ။ လက်ရှိတာဝန်ယူထားတဲ့လုပ်ငန်းနဲ့ တရားမျှတရေးအခန်းကဏ္ဍအကြား ဆက်စပ်မှုကို ရှင်းပြပေးပါ။*

ဖြေ ။ ။ တရားမျှတရေးနဲ့ပတ်သတ်ပြီးတော့ တရားလိုဖြစ်ပါစေ၊ တရားခံဖြစ်ပါစေ သူတို့ရဲ့အခွင့်အရေး အပြည့်အဝရအောင် ကျွန်တော်တို့က လုပ်ပေးနေပါတယ်။ ဒါပေမယ့် အပြည့်အဝတော့ မလုပ်နိုင်သေးဘူး။ တရားမျှတရေးနဲ့ပတ်သက်ပြီးတော့ ပယ်ကော်တွေရဲ့အရည်အချင်းတွေကို မြှင့်တင်ပေးဖို့ လိုအပ်သေးတယ်။ ပြုပြင်ပြောင်းလဲစရာတွေအများကြီးရှိသေးတယ်။တရားမျှတရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့က ရာဇဝတ်မှုတွေမှာ စုံစမ်းစစ်ဆေးမှုတွေလုပ်တယ်။ တရားသူကြီးတွေ မှန်မှန်ကန်ကန်နဲ့ တရားစီရင်နိုင်ဖို့အတွက် ပယ်ကော်တွေရဲ့ စုံစမ်းစစ်ဆေးမှုက အခြေခံကျပါတယ်။ ပယ်ကော်တွေ အလုပ်လုပ်တဲ့နေရာမှာ တိကျသေချာဖို့လိုအပ်တယ်။ ပယ်ကော်တွေ တိကျသေချာမှုမရှိဘူးဆိုရင်တော့ တရားသူကြီးတွေ တရားစီရင်တဲ့အခါ တည့်မတ်မှန်ကန်ဖို့ ခဲယဉ်းသွားမှာဖြစ်တယ်။ ပယ်ကော်တွေက အလုပ်ကို တိကျမှန်ကန်စွာလုပ်ပြီး အမှုကို တရားသူကြီးဆီ တင်ပြသွားရမှာဖြစ်တယ်။ တရားမမှုအနေနဲ့ကတော့ တရားသူကြီးက ဖမ်းဝရမ်းနဲ့ တိုက်ရိုက်ညွှန်ကြားမယ်ဆိုရင် ကျွန်တော်တို့က ဖမ်းဆီးအရေးယူပေးရမှာဖြစ်တယ်။ ပစ္စည်းသိမ်းရမယ်ဆိုလည်း သိမ်းဆည်းဝရမ်းကို တပါတည်း ယူသွားဖို့လိုတယ်။ လူပုဂ္ဂိုလ်တွေကို ဖမ်းဖို့လိုမယ်ဆို ကျွန်တော်တို့က သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူတွေကို ခေါ်သွားတယ်။ အမျိုးသမီးပြစ်မှုကျူးလွန်သူကိုတော့ အမျိုးသမီးရဲမေပါမသွားဘူးဆိုရင် သက်သေ/တွေ့ရှိသူအနေနဲ့ ကရင်အမျိုးသမီးအစည်းအရုံးက တာဝန်ရှိသူတစ်ဦးဦးကို ခေါ်သွားပါတယ်။ ရှာဖွေပြီးရင်လည်း သက်ဆိုင်ရာကနေပြီးတော့ လိုအပ်တဲ့စာရွက်စာတမ်းတွေမှာ လက်မှတ်ထိုးနိုင်ဖို့ တပါတည်း ပြင်ဆင်ယူဆောင်သွားရပါတယ်။ မြို့နယ်အဆင့်မှာတော့ အဲ့လိုတွေလုပ်နိုင်ဖို့က အားနည်းချက်တွေ ရှိနေသေးတယ်။ သင်တန်းတွေဆက်ပေးဖို့လည်း လိုအပ်သေးတယ်။ ကော်သူးလေတရားစီရင်ရေးနဲ့ပတ်သက်ပြီး တရားမျှတမှုအပိုင်းကို ပြောရမယ်ဆိုရင် ရာနှုန်းပြည့်မဟုတ်တောင် (၈၀) ရာခိုင်နှုန်းထိ မျှတမှုရှိတယ်လို့ ကျွန်တော်ပြောနိုင်တယ်။ တရားမျှတမှုအပိုင်းမှာ တခြားသောလက်နက်ကိုင်အဖွဲ့အစည်းနဲ့ ပြောဆိုဆွေးနွေးမှုတွေရှိပေမယ့်လည်း လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ဖို့က မဖြစ်နိုင်သေးပါဘူး။

*မေး ။ ။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအပြောင်းအလဲနှင့် ပဋိပက္ခအကြား တရားမျှတရေးလုပ်ငန်းများ၏ အခြေအနေကမည်သို့ရှိသည်ဟု ထင်မြင်မိပါသလဲ။*

ဖြေ ။ ။ အာဏာသိမ်းမှုနောက်ပိုင်းမှာဆိုရင် နိုင်ငံရေးရဲ့ အခြေအနေတွေက ကျွန်တော်တို့ကိုပါ ရိုက်ခတ်မှုရှိတယ်။ ကိုဗစ်-၁၉ စတော့ ကေအဲန်ယူဗဟိုကျန်းမာရေးဌာနကနေပြီးတော့ ညွှန်ကြားချက်ပေးလာတာက ပယ်ကော်တွေအနေနဲ့ ကျန်းမာရေးဌာနနဲ့ လက်တွဲပြီး အလုပ်လုပ်သွားရမယ်ဆိုပြီး ဖြစ်တယ်။ ကျန်းမာရေးဌာနက ဖွင့်လှစ်ထားရှိတဲ့ Check Point တွေမှာ လုံခြုံရေးယူပေးရတယ်။ နောက်ပြီး Quarantine တွေအပါအဝင်ပေါ့။ အာဏာသိမ်းမှု နောက်ပိုင်းမှာတော့ မြို့ပေါ်က ဆန္ဒထုတ်ဖော်ပွဲတွေမြင်ရတဲ့အခါ ရောဂါမကူးတော့ဘူးဆိုပြီး လူထုတွေက မကြောက်တော့တာလဲ ရှိတယ်။ အဲ့တာကြောင့် ကျွန်တော်တို့လုံခြုံရေးအဖွဲ့တွေက တမင်

ဟန့်တားတယ်လို့ မြင်လာကြတယ်။ တချို့လုံခြုံရေးဂိတ်တွေကိုလည်း ပြန်ပြီးရုတ်သိမ်းပေးလိုက်ရတယ်။ အားလုံးတော့မဟုတ်ဘူးပေါ့။ ဒါတွေကတော့ ကျွန်တော်တို့ကရင်လူထုအချင်းချင်းအကြားဖြေရှင်းရတဲ့အရာတွေဖြစ်တယ်။ အဲ့လိုမှမလုပ်ရင်လည်း ကျွန်တော်တို့အချင်းချင်းအကြား အက်ကြောင်းတွေဖြစ်လာနိုင်တာမို့လို့ တဆင့်လျှော့ပြီး လုပ်ဆောင်ရတာဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ လာရောက်ခိုလှုံသူတွေရဲ့ အခြေအနေဖြစ်ပါတယ်။ အဲ့လိုလူတွေကို ကျွန်တော်တို့ ပံ့ပိုးကူညီတာတွေ လုပ်ဆောင်ရတယ်။ လာရောက်ခိုလှုံသူတွေမှာလည်း လူမှုရေးဆိုင်ရာပြဿနာတွေပေါ်ပေါက်လာတာမျိုးရှိတယ်။ အရက်သေစာသောက်စားပြီးခိုက်ရန်ဖြစ်ပွားတာမျိုး၊ အချင်းချင်းခိုက်ရန်ဖြစ်ပွားတာမျိုးတွေရှိတယ်။ နောက်ပြီး ငွေကြေးလိမ်လည်ကောက်ခံမှုတွေလည်း ရှိလာတယ်။

*မေး ။ ။ ဒေသတွင်းပြည်သူများ ရင်ဆိုင်နေရသော တရားရေးဆိုင်ရာ အခက်အခဲများက မည်သည့်အရာများ ဖြစ်ပါသလဲ။*

ဖြေ။ ။ တစ်ချို့နေရာတွေမှာ (လက်နက်ကိုင်)အဖွဲ့အစည်းတွေအမျိုးမျိုးရှိနေတာကြောင့် တရားစီရင်ရေးက အမျိုးမျိုးဖြစ်နေတယ်။ ဥပဒေအတိုင်းသွားဖို့က မလွယ်ကူဘူးဖြစ်နေတယ်။ ပြောရမယ်ဆိုရင် အချို့အမှုတွေက ကျွန်တော်တို့ဆီ တိုက်ရိုက်တိုင်တန်းလာတာတွေရှိပေမယ့် နောက်ပိုင်းမှာ တခြားအဖွဲ့အစည်းတွေနဲ့သွားပြီး ဆက်စပ်နေတာမျိုးရှိတယ်။ နီးစပ်ရာဆွေမျိုးကတဆင့်ပေါ့။ ကျွန်တော်တို့က သူတို့တွေ နစ်နာသွားမလားဆိုတဲ့ စိုးရိမ်မှုမျိုးနဲ့ပေါ့။ အဲ့လိုတွေဖြစ်လာပြီဆိုရင် ကျွန်တော်တို့က မတတ်သာတဲ့အဆုံး လက်လွှတ်ပေးလိုက်ရတာမျိုးရှိတယ်။ ဘယ်လိုဖြစ်ဖြစ်အမှုသည်နှစ်ဖက်လုံးက ပြည်သူတွေဖြစ်တဲ့အတွက် တရားစီရင်ရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ရွေးချယ်မှုအပေါ် ကန့်သတ်ချုပ်ချယ်ထားတာမျိုးမရှိပါဘူး။

*မေး ။ ။ ကောင်းမွန်စွာလုပ်ကိုင်နိုင်ခဲ့သည်ဟု မြင်မိသောအရာများက မည်သည့်အရာများဖြစ်ပါသလဲ။*

ဖြေ။ ။ အခုလက်ရှိကတော့ တရားဥပဒေစိုးမိုးရေးအတွက်ဆိုရင် ကျွန်တော်တို့ ကောင်းကောင်းလုပ်နိုင်တာဆိုလို့ ပညာပေးရေးအပိုင်းပဲ ရှိသေးတယ်။ ပညာပေးမှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က သွားရင်းလာရင်း ပညာပေးတာမျိုးပဲရှိသေးတယ်။ အစီအစဉ်တကျ ပညာပေးတာမျိုးကို စိတ်ကူးရှိပေမယ့် လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်နိုင်တာမျိုးတော့ မရှိသေးဘူး။ ကျွန်တော်တွေးတာက ကျွန်တော်တို့ အနေနဲ့ ပြည်သူတွေရဲ့ အမြင်တွေကိုဖွင့်ပေးဖို့လိုအပ်တယ်။ ကော်သူးလေ ဥပဒေတွေကို ပြည်သူတွေကျယ်ကျယ်ပြန့်ပြန့် သိမြင်နားလည်နိုင်အောင်လို့ပါ။ ပြည်သူတွေစိတ်ကျေနပ်မှုရဖို့ အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ တရားစီရင်ရေးကို အများကြီး အားကိုးအားထားပြုလာကြမှာ ဖြစ်တယ်။ အဲ့ဒါကြောင့် ပညာပေးရေးကိုပြောမယ်ဆိုရင် လိုအပ်ချက်တွေကတော့ အခြေခံအနေနဲ့ စာရွက်စာတမ်းတွေ၊ ပညာပေးစာစောင်တွေ ဖြစ်တယ်။ ကျွန်တော်တို့သာ အစီအစဉ်တကျသွားမယ်ဆိုရင် ပြည်သူတွေက တရားဥပဒေကို ပိုနားလည်လာပြီး မှုခင်းဖြစ်ပွားမှုနှုန်းကိုလည်း လျှော့ချနိုင်မှာဖြစ်တယ်။

*မေး ။ ။ မိမိဌာန သို့မဟုတ် မိမိအနေဖြင့် ကောင်းစွာလုပ်ဆောင်နိုင်ခဲ့သောအရာများကို မည်သို့ လုပ်ဆောင် နိုင်ခဲ့သည့်အကြောင်း ရှင်းပြပေးပါ။*

ဖြေ ။ ။ ကျွန်တော်တို့လုပ်နိုင်တာကကျွန်တော်တို့ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေကိုပြောင်းလဲမှုမလုပ်ခင် ကျွန်တော်တို့ကိုယ်တိုင်အရင်ဆုံး ပြောင်းလဲနိုင်ဖို့လိုတယ်ဆိုတာကို ဦးစွာပြောချင်တယ်။ ဒါပြီးတော့မှ ကျွန်တော်တို့လက်လှမ်းမီတဲ့နေရာမှာ ပညာပေးရေးတွေလုပ်ဆောင်ဖို့လိုတယ်။ ပြည်သူတွေကို အသိပညာပေးခြင်းက အခြားအဖွဲ့အစည်းတွေကို အသိပညာပေးခြင်းလောက် မခက်ခဲဘူး။ တရားဥပဒေစိုးမိုးဖို့က လူပုဂ္ဂိုလ်တဦးတယောက်တည်းရဲ့တာဝန် မဟုတ်ဘူး။ အားလုံးရဲ့တာဝန်ပဲဖြစ်တယ်။ ဘာလို့အဲ့လိုပြောရလဲဆိုရင် လက်ရှိမှာဆိုရင်ကျွန်တော်တို့ ကေအဲန်ယူဗဟိုရဲ့ ဦးဆောင်မှုက အရမ်းကောင်းတယ်။ ဗဟိုတရားသူကြီးချုပ်ကနေ ဦးဆောင်ပြီးတော့ ခရိုင် (၇)ခုနဲ့ မြို့နယ် (၂၅) ခုအပြင် ကျေးရွာအုပ်စုတွေအထိပါ အသစ်ပြန်လည်ထုတ်ဝေတဲ့ ဥပဒေတွေကို ဖြန့်ဝေနိုင်ပြီးလို့ ကျွန်တော်တို့သိရတယ်။

*မေး ။ ။ ခေါင်းဆောင်/အာဏာပိုင်များ၏ ဦးစားပေးမှု အခြေအနေက မည်သို့ရှိနေပါသလဲ။*

ဖြေ ။ ။ အခုကာလက အကြပ်အတည်းနဲ့ရင်ဆိုင်နေရတဲ့ကာလဖြစ်တယ်။ ခေါင်းဆောင်တွေအနေနဲ့က ပံ့ပိုးကူညီပေးချင်တဲ့ ဆန္ဒရှိတယ်။ ဒါပေမယ့် ကျွန်တော်သတိထားမိတာက ပံ့ပိုးမှုတွေကလက်တွေ့ဖြစ်လာဖို့က ခဲယဉ်းနေပါသေးတယ်။ အားပေးမှုတွေသာရှိပြီး ပံ့ပိုးကူညီမှုမရှိဘူးဆိုရင် အပြောနဲ့လက်တွေ့ ထပ်တူမကျတာမျိုး ဖြစ်သွားနိုင်တာကြောင့် ခေါင်းဆောင်တွေက သိပ်မပြောတာမျိုးဖြစ်နိုင်တယ်။ ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင် ပယ်ကော်တွေကို စနစ်တကျသင်တန်းပေးဖို့လိုတယ်။ အကြောင်းက လူထုနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံရတဲ့သူတွေဖြစ်တာကြောင့် စည်းစနစ်ကျစွာနဲ့ ပြည်သူတွေကို ဝန်ဆောင်မှုပေးနိုင်မယ်ဆိုရင် လူထုရဲ့ယုံကြည်မှုကိုရရှိပြီး တရားရေးလုပ်ငန်းကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်မှာဖြစ်တယ်။

*မေး ။ ။ ခေါင်းဆောင်/အာဏာပိုင်များ၏ လုပ်ဆောင်နိုင်စွမ်း (အချိန်၊ လုပ်ငန်းတာဝန်)ကို မည်သို့မြင်ပါသလဲ။*

ဖြေ ။    ။ ခေါင်းဆောင်တွေရဲ့လုပ်ဆောင်နိုင်စွမ်းက အကန့်အသတ်နဲ့ရှိတယ်လို့ ဆိုလို့ရတယ်။ အချို့ဌာနတွေက တစ်ခုထက်ပိုတဲ့ လုပ်ငန်းတာဝန်တွေကို တပြိုင်တည်း လုပ်ဆောင်နေရတာမျိုးရှိတယ်။ လက်ရှိ ကျွန်တော်တို့ဌာနမှာဆိုရင် ကျွန်တော်စတင်တာဝန်ယူကတည်းက အခုထိ ထောင်မှူးကို သီးသန့်ခန့်ထားနိုင်ခြင်း မရှိသေးဘူး။ ကျွန်တော့်အနေနဲ့ ထောင်မှူးတာဝန်ကိုပါ ပူးတွဲ ဆောင်ရွက်နေရပါတယ်။ အကျဉ်းထောင်ရဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေကိုလည်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပေးသွားဖို့ လိုအပ်သေးတယ်။ အဲ့လို ဥပဒေတွေကို ပြဋ္ဌာန်းနိုင်ဖို့ကလည်း အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာပဲဖြစ်တယ်။ ခရိုင်အဆင့်မှာဆိုရင်တော့ ကျွန်တော်တို့ရရှိတဲ့ပံ့ပိုးမှုက အကန့်အသတ်နဲ့ပဲရှိနေသေးတယ်။ ဥပမာအားဖြင့် မြို့နယ်အဆင့်ကနေပြီး အစည်းအဝေးလာတက်မယ်ဆိုရင် မြို့နယ်ဥက္ကဋ္ဌရဲ့ (ဘတ်ဂျက်) ခွဲဝေချထားပေးမှုနဲ့ သွားလာနေရတာမျိုးရှိတယ်။ ကျွန်တော့်တယောက်တည်းအမြင်နဲ့ ပြောရမယ်ဆို ပယ်ကော်တွေ ရရှိတဲ့အရင်းအမြစ်က အလွန်မှအားနည်းနေတယ်။ အနာဂတ်မှာတော့ အစီအစဉ်တကျနဲ့ဖြစ်လာပြီဆိုရင် အင်အားနဲ့ အရည်အချင်းတွေ တိုးတက်လာမယ်လို့ မြင်တယ်။ တရားဥပဒေစိုးမိုးရေးကတော့ ပယ်ကော်တွေရဲ့ အဓိကတာဝန်ပဲဖြစ်ပါတယ်။


## လုပ်ဆောင်ချက်များ

### နိုဝင်ဘာလ ၂၀၂၁ ခုနှစ်မှ ဧပြီလ ၂၀၂၂ ခုနှစ်ထိ လုပ်ဆောင်ခဲ့သော လုပ်ငန်းများ


### KLAC ၏လူထုအတွင်း ဥပဒေသင်တန်းပံ့ပိုးမှုများ

ဖားအံခရိုင်နှင့် မူတြော်ခရိုင် အတွင်းရှိ ကရင်အမျိုးသားရဲတပ်ဖွဲ့များ (Karen National Police Force – KNPF) များအား ဥပဒေသင်တန်းကို ဖေဖော်ဝါရီလ နှင့် မတ်လ ၂၀၂၂ အတွင်း တွင် KLAC မှပေးနိုင်ခဲ့သည်။ ၄င်းသင်တန်း ၂ ခုတွင် KNPF စုစုပေါင်း (၆၃) ဦး ( အမျိုးသား (၅၈) ဦး ၊ အမျိုးသမီး (၅) ဦး)တက်ရောက်ခဲ့သည်။

မူတြော်ခရိုင်အတွင်းရှိ ကျေးရွာခေါင်းဆောင် (၅၀) ဦး ( အမျိုးသား (၁၈) ဦး၊ အမျိုးသမီး (၃၂)ဦး) ကိုလည်း ထိုသင်တန်းကို ပေးနိုင်ခဲ့သည်။





ထို့အပြင် လူမှုအဖွဲ့အစည်းများ၏ဝန်ထမ်း စုစုပေါင်း (၁၀၅) ဦး ( အမျိုးသား (၆၃) ဦး၊ အမျိုးသမီး (၄၂) ဦး) ကိုလည်း ဥပဒေ သင်တန်းကို ပို့ချနိုင်ခဲ့သည်။




## လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) ၏လူထုတွင်း တရားရေးအထောက်အကူပြုပံ့ပိုးမှုများ

CLV များအနေဖြင့် နိုဝင်ဘာလ ၂၀၂၁ ခုနှစ် မှ ဖေဖော်ဝါရီ ၂၀၂၂ ခုနှစ်အတွင်း ဒူးပလာယာခရိုင်၊ ဒူးသထူခရိုင်နှင့် ဖားအံခရိုင်များ အတွင်းရှိ ပြည်သူလူထုအား တရားရေးနှင့်ဆိုင်သည့် ပညာပေးဆွေးနွေးပွဲများကို ပြုလုပ်နိုင်ခဲ့သည်။








ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC) မှ လူငယ်များအား ဥပဒေအသိပညာပေးခြင်း





ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC) မှ ကေအဲန်ယူဗဟိုအဆင့် ကရင့်အမျိုးသားရဲတပ်ဖွဲ့အား ဖားအံခရိုင်တွင် သင်တန်းပို့ပိုးပေးခြင်း






ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC) မှ လူငယ်များအား Dr. T. Thanbyah Christian Institute တွင် ဥပဒေအသိပညာပေးခြင်း



ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC) မှ ကျေးရွာ
ခေါင်းဆောင်များအား အိတုထာတွင် ဥပဒေအသိပညာပေးခြင်း



လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) မှ ဒူးပလာယာခရိုင်ရှိ
လူထုများအား ဥပဒေအသိပညာပေးခြင်း





ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC) မှ ကရင့်အမျိုးသားရဲတပ်ဖွဲ့ဝင်များအား မူတြော်ခရိုင်တွင် ဥပဒေအသိပညာပေးခြင်း





ဒူးပလာယာခရိုင်တွင် တရားရေးလက်လှမ်းမီမှုအတွက်  အစည်းအဝေးကျင်းပခြင်း





လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) မှ ဖားအံခရိုင်၊ ဒူးသထူခရိုင်ရှိ လူထုများအား ဥပဒေအသိပညာပေးခြင်း